ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့

# ၂၀၁၈ ခုနှစ် စက်တင်ဘာလအတွက် မြန်မာနိုင်ငံ၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေ

Monthly

# INFLATION REPORT

OCT, 2018

အကြောင်းအရာ။ **၂၀၁၈ ခုနှစ် စက်တင်ဘာလအတွက် တစ်နိုင်ငံလုံး၏ ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေကိုအစီရင်ခံတင်ပြခြင်း**

၁။ **စားသုံးသူဈေးဆနှုန်း၏ လအလိုက်ပြောင်းလဲမှုအခြေအနေမှာ** ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် တွက်ချက်ထားသော **၂၀၁၈ ခုနှစ် စက်တင်ဘာလ**အတွက် တစ်နိုင်ငံလုံး၏ အစားအစာအုပ်စု စားသုံးသူဈေးဆနှုန်းမှာ **၁၅၈.၆၉** ဖြစ်ပြီး၊ အစားအစာမဟုတ်သောအုပ်စုအတွက် စားသုံးသူဈေးဆနှုန်းမှာ **၁၂၈.၀၇** ရှိပါသည်။ **၂၀၁၈ ခုနှစ် စက်တင်ဘာလ**၏ **အုပ်စုအားလုံးအတွက်** စားသုံးသူ ဈေးဆနှုန်းမှာ **၁၄၅.၉၇** ဖြစ်ပြီး **ယခင်လ၏** စားသုံးသူဈေးဆနှုန်း **၁၄၄.၁၇** နှင့် နှိုင်းယှဉ်ပါက **၁.၂၅%** မြင့်တက်လာပါသည်။ Core Inflation တွက်ချက်ရန် ဈေးနှုန်း တည်ငြိမ်မှုမရှိသည့် အစားအစာအုပ်စုနှင့် လောင်စာဆီ ဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **၂၀၁၈ ခုနှစ် စက်တင်ဘာလ၏ စားသုံးသူဈေးဆနှုန်း**(Core CPI) **မှာ ၁၂၂.၄၈** ဖြစ်ရာ **ယခင်လ၏** Core CPI ဖြစ်သည့် **၁၂၁.၄၁** နှင့် နှိုင်းယှဉ်ပါက **၀.၈၈%** မြင့်တက်လာပါသည်။

၂။ **စားသုံးသူဈေးဆနှုန်း၏ နှစ်အလိုက်ပြောင်းလဲမှုအခြေအနေကို လေ့လာပါက ၂၀၁၈ ခုနှစ် စက်တင်ဘာလ**၏ စားသုံးသူဈေးဆနှုန်းမှာ **၁၄၅.၉၇** ဖြစ်သဖြင့် **ယခင်နှစ် အလားတူလ၏** အခြေအနေ **၁၃၄.၄၃** နှင့် နှိုင်းယှဉ်ပါက **၈.၅၉ %** မြင့်တက်လာပါသည်။ အလားတူ **၂၀၁၈ ခုနှစ် စက်တင်ဘာလ ၏** Core CPI **မှာ ၁၂၂.၄၈ ဖြစ်ရာ ယခင်နှစ် အလားတူလ၏** Core CPI အခြေအနေ **၁၁၅.၈၂** နှင့် နှိုင်းယှဉ်ပါက **၅.၇၆ %** မြင့်တက်ခဲ့ပါသည်။

၃။ **၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် အစားအစာအုပ်စု**(Food) ၏ ဈေးဆနှုန်းမှာ **၁၅၈.၆၉** ဖြစ်သဖြင့် ယခင်လနှင့်နှိုင်းယှဉ်ပါက **၁.၁၅%** မြင့်တက်လာပါသည်။ အခြေခံစားသောက်ကုန်များ ဖြစ်သည့် ဆန်(ဧည့်မထ)၊ ဆန်(ငစိန်)နှင့် ဆန်(ငကျွဲ) ဈေးနှုန်းများမှာ ဆက်လက် မြင့်တက်လာပါသည်။ အလားတူ မြေပဲဆီ၊ နှမ်းဆီ၊ ဟင်းရွက်ဆီ၊ အသား၊ငါးအုပ်စုရှိ ကုန်ပစ္စည်း ဈေးနှုန်းများ၊ ငါးခြောက်ဈေးနှုန်းများ၊ ငရုတ်သီးခြောက်(အပု)၊ အသီးအနှံနှင့် ဟင်းသီးဟင်းရွက် ဈေးနှုန်းများလည်း မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

၄။ **၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် အစားအစာမဟုတ်သောအုပ်စု** (Non Food) ၏ ဈေးဆနှုန်းမှာ **၁၂၈.၀၇** ဖြစ်သဖြင့် ယခင်လနှင့် နှိုင်းယှဉ်ပါက **၁.၄၂%** မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။ ယင်းအုပ်စုအတွင်းရှိ ဆေးပေါ့လိပ်ဈေးနှုန်းမှာ အနည်းငယ်မြင့်တက်လာပါသည်။ အလားတူ ရွှေထည်ပစ္စည်းများ၊ အမျိုးသမီး/ အမျိုးသားဝတ် လုံချည်များ၊ ရှပ်အင်္ကျီ၊ တီရှပ်၊ စပို့ရှပ်၊ စက်ချုပ်ခ(အမျိုးသား/အမျိုးသမီး)၊ ဖိနပ်(သားရေ)၊ ရာဘာဖိနပ်၊ အိမ်ဆောက်

ပစ္စည်းနှင့် အိမ်အသုံးအဆောင်စသည့် ကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်လကထက် မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် သယ်ယူပို့ဆောင်ရေးအုပ်စုတွင် ပါဝင်သော ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဘတ်စ်ကားခ(မြို့တွင်း)၊ အငှားယာဉ်ခ(မြို့တွင်း)၊ မော်တော်ကားဈေးနှုန်းများ၊ မော်တော်ဆိုင်ကယ်ဈေးနှုန်းများနှင့် မော်တော်ယာဉ်ပြုပြင် ထိန်းသိမ်းစရိတ်များ မြင့်တက်လျက်ရှိပါသည်။

၅။ ယခု စက်တင်ဘာလအတွင်း မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာလဲလှယ်နှုန်းများ သိသိသာသာ ဆက်လက်မြင့်တက်လာခြင်းကြောင့် သွင်းကုန်ပစ္စည်းများဖြစ်သော ဓာတ်ဆီ၊ ဒီဇယ်ဆီ ဈေးနှုန်းများ မြင့်တက်လာပြီး၊ ကုန်စည်ပို့ဆောင်မှုစရိတ်ကြီးမားလာကာ အထွေထွေ ကုန်ပစ္စည်း ဈေးနှုန်းများ မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။


၆။ ထို့အပြင် ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် သီးနှံစိုက်ခင်းများ အပျက်အစီးများရှိခဲ့သဖြင့် ကုန်စည်ဈေးနှုန်းများ သိသိသာသာကျဆင်းလာခြင်း မရှိဘဲဆက်လက် မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။


၇။ **၂၀၁၈ ခုနှစ် စက်တင်ဘာလအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း(Annual Rate of Inflation) မှာ ၅.၉၄%** ဖြစ်ပြီး၊ အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထား သော **ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) မှာ ၄.၇၄%** ရှိပါသည်။ **နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း(Year on Year Inflation)** မှာ ၈.၅၉ % ဖြစ်ပြီး **နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း** (Core Inflation) မှာ ၅.၇၆% ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။


(ဒေါက်တာဝါဝါမောင်)


ညွှန်ကြားရေးမှူးချုပ်

## တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း ပုံပြကားချပ်



## တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန်းနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြချက်

## (၂၀၁၈ ခုနှစ် စက်တင်ဘာလ)


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **အပိုင်း(က)**<br>**၂၀၁၈ ခုနှစ် ဩဂုတ်လနှင့် ၂၀၁၈ ခုနှစ် စက်တင်ဘာလစားသုံးသူဈေးဆန်းနှုန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆန်းနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၁ |
| **အပိုင်း(ခ)**<br>**၂၀၁၇ ခုနှစ် စက်တင်ဘာလ နှင့် ၂၀၁၈ ခုနှစ် စက်တင်ဘာလစားသုံးသူဈေးဆန်းနှုန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆန်းနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၅ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၅ |
| **အပိုင်း(ဂ)**<br>**စားသုံးသူဈေးဆန်းနှုန်းနှင့်ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း** | |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆန်းနှုန်းအခြေအနေတင်ပြခြင်း | ၉ |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း | ၁၀ |
| သုံးသပ်တင်ပြချက် | ၁၁ |
| တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆန်းနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်း<br>(အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၁) | ၁၄ |
| တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆန်းနှုန်းနှင့်<br>ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၂) | ၁၅ |
| အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ<br>(အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၃) | ၁၆ |
| တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန်းနှုန်းပုံပြကားချပ်<br>(အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၄) | ၁၇ |
| တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ်<br>(အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၅) | ၁၈ |

## တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းစိစစ်ချက်

## အပိုင်း(က)

**၂၀၁၈ ခုနှစ် ဩဂုတ်လ နှင့် ၂၀၁၈ ခုနှစ် စက်တင်ဘာလ စားသုံးသူဈေးဆနှုန်း နှိုင်းယှဉ်ချက်**

**စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၁။ ၂၀၁၈ ခုနှစ် စက်တင်ဘာလ အတွက် စားသုံး သူဈေးဆနှုန်းမှာ ၁၄၅.၉၇ ဖြစ်ရာ ယခင်လ အခြေအနေ ၁၄၄.၁၇ နှင့် နှိုင်းယှဉ်ပါက ၁.၂၅% မြင့်တက်လာပါသည်။ ထိုအုပ်စုများအနက် ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စုမှလွဲ၍ ကျန်အုပ်စုအားလုံးမှာမြင့်တက်လျက်ရှိပါသည်။ အစား အစာအုပ်စု၊ အိမ်လခနှင့်အိမ်ပြင်ခအုပ်စု၊ အိမ်အသုံးအဆောင်ပစ္စည်း နှင့် ပြုပြင်ထိန်းသိမ်းစရိတ် အုပ်စု၊ ကျန်းမာရေးအုပ်စု၊ သယ်ယူပို့ဆောင်ရေးအုပ်စုနှင့် အထွေထွေကုန်ပစ္စည်း အုပ်စုတို့မှာ သိသိသာသာ မြင့်တက်လျက်ရှိပါသည်။

**အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း**

၂။ ၂၀၁၈ ခုနှစ် စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူ ဈေးဆနှုန်းများကို ဇယား(၁)ဖြင့် အုပ်စုအလိုက်ဖော်ပြထားပြီး အောက်ပါအတိုင်း သုံးသပ်တင်ပြ အပ်ပါသည်။

(က) **အစားအစာအုပ်စု၏** ဈေးဆနှုန်း မှာ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၌ ၁၅၈.၆၉ ရှိ၍ ယခင်လ နှင့် နှိုင်းယှဉ်ပါက ၁.၁၅% မြင့်တက်လာပါသည်။ ယခုလတွင် ခရမ်းချဉ် သီးဈေးနှုန်းမှာ ၂၅.၉၂% ဖြင့် သိသိသာသာ ကျဆင်းလာပါသည်။ အလားတူ ငါးခူ ၄.၅၃%၊ ငါးရံ့ ၂.၄၅%၊ ကြက်သား ၀.၇၃%၊ ကြက်သွန်ဖြူ ၀.၆၄% ကျဆင်းလာ ခဲ့သော်လည်း၊ ဆန်(ဧည့်မထ) ၁.၆၄%၊ မြေပဲဆီ ၂.၁၇%၊ နှမ်းဆီ ၂.၈၅%၊ စားအုန်းဆီ ၁.၃၇%၊ ဝက်သား ၀.၂၇%၊ အမဲသား ၂.၁၀%၊ ဘဲဥ ၃.၂၄%၊ ကြက်ဥ ၁.၅၄% နှင့် ပုစွန်ခြောက် ၀.၉၄% ဖြင့် ဈေးနှုန်းများ အသီးသီး မြင့်တက်လာ ကြောင်း တွေ့ရှိရပါသည်။ မီးဖိုချောင်သုံးပစ္စည်းများတွင် ကုလားပဲခြမ်း ၁.၂၁%၊ အာလူး ၁.၉၆% နှင့် ငရုတ်သီးခြောက် ဈေးနှုန်းများလည်း မြင့်တက်လာပါသည်။ ထို့အပြင် သစ်သီးများဖြစ်သော အုန်းသီး၊ သရက်သီး၊ သဘော်သီး၊ လိမ္မော်သီး၊

နာနတ်သီးဈေးနှုန်းများနှင့် ဟင်းသီးဟင်းရွက်များဖြစ်သော ချဉ်ပေါင်ရွက် နှင့် ရှောက်သီး ဈေးနှုန်းများသိသိသာသာ မြင့်တက်လာပါသည်။

(ခ) **ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ၁၃၉.၂၂ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၃.၂၂% ကျဆင်းလာပါသည်။ ဤအုပ်စု အတွင်း၌ ပါဝင်သော ကုန်ပစ္စည်းများဖြစ်သည့် ကွမ်းရွက်ဈေးနှုန်းမှာ သိသိသာ သာ ကျဆင်းလာခဲ့သောကြောင့်ဖြစ်ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ၁၂၁.၇၁ ရှိ၍၊ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၅၅% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော သားရေဖိနပ်၊ အမျိုးသမီးဝတ်လုံချည်(ပြည်တွင်း)၊ ရှပ်အင်္ကျီ၊ တီရှပ်၊ စပို့ရှပ်၊ အမျိုးသားဝတ်လုံချည်၊ ဘောင်းဘီအရှည်၊ စက်ချုပ်ခ (အမျိုးသား) ဈေးနှုန်းများ ဆက်လက် မြင့်တက်လာကြောင်း တွေ့ရပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ၁၅၀.၃၇ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၁.၆၃% ဖြင့် သိသိသာသာ မြင့်တက် လာပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်လခ၊ ဓနိ၊ ဝါး၊ ကျွန်းသစ်၊ သွပ်၊ အုတ်၊ အလုပ် သမားခ၊ ထင်း၊ မီးသွေး နှင့် လောင်စာဆီဈေးနှုန်းများမှာ ယခင်လက ထက် အနည်းငယ် မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ မိုးရာသီဖြစ်သော ကြောင့် အိမ်ပြုပြင်မှုများရှိသဖြင့် သစ်၊ ဝါး ဈေးနှုန်းများမှာ ဆက်လက် မြင့်တက် လာပါသည်။ အုတ်ရှားပါးသောရာသီဖြစ်သောကြောင့် အုတ်ဈေးနှုန်းများ မြင့် တက်လျက်ရှိပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ၁၂၁.၀၂ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ၀.၇၉% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများ ဖြစ် သည့် ကုတင်၊ ဗီရို၊ ဖျာ(သင်ဖျူး)၊ ခြင်ထောင်၊ ဓာတ်ခဲ၊ မီးချောင်း၊ ဓာတ်မီး၊ အဝတ်လျှော်ဆပ်ပြာ၊ ဆပ်ပြာမှုန့်၊ ဖယောင်းတိုင် နှင့် အိမ်အကူခ ဈေးနှုန်းများ သိသာထင်ရှားစွာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

(စ) **ကျန်းမာရေးအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ၁၄၃.၇၁ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ၁.၂၂% မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ ရာသီအကူးအပြောင်းကာလဖြစ်သောကြောင့် ဆေးဈေးနှုန်းများနှင့် ဆေးကုသခ ဈေးနှုန်းများ မြင့်တက်လာပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ၁၁၅.၁၉ ရှိ၍ ယခင်လ အခြေအနေ ၁၁၁.၄၀ နှင့် နှိုင်းယှဉ်ပါက ၃.၄၁% ဖြင့် သိသိသာသာ မြင့်တက်လျက်ရှိပါသည်။ ယင်းအုပ်စု ဈေးဆနှုန်းတွင် ပါဝင်သော ဓာတ်ဆီတစ်ဂါလံလျှင် ၄၄၁၅.၉၀ ကျပ် မှ ၄၇၆၄.၁၁ ကျပ်သို့ လည်းကောင်း၊ ဒီဇယ်ဆီ တစ်ဂါလံလျှင် ၄၄၇၀.၈၆ ကျပ် မှ ၄၈၆၈.၅၂ ကျပ်သို့ လည်းကောင်း ဈေးနှုန်းများ အသီးသီး မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။ အလားတူ မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ ကားခ(မြို့တွင်း)၊ အငှားယာဉ်ခ(မြို့တွင်း)၊ ကားခ(ခရီးဝေး) နှင့် မော်တော်ယာဉ် ထိန်းသိမ်းစရိတ် ဈေးနှုန်းများလည်း မြင့်တက်လာခဲ့ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ၁၀၂.၁၅ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအနည်းငယ်သာ မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ၁၀၈.၉၃ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၀.၅၈% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော တယ်လီဗေးရှင်း၊ ဂျာနယ်၊ ဗလာစာအုပ်နှင့် ဘောလ်ပင် ဈေးနှုန်းများမှာ ယခင်လကထက် မြင့်တက်လာကြောင်း တွေ့ရှိရ ပါသည်။

(ည) **ပညာရေးအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ၁၃၃.၁၅ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်း အနည်းငယ်သာ မြင့်တက်လာပါသည်။ သင်တန်းကြေး ဈေးနှုန်းမှာ အနည်းငယ် မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု၏ ဈေးဆန္ဒန်း**မှာ ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ၁၂၃.၅၆ ရှိ၍ ယခင်လနှင့် နှိုင်းယှဉ်ပါက ဝ.၄၄% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စု အတွင်း ပါဝင်သော ပြင်ပအစားအသောက်များ ဖြစ်သော မုန့်ဟင်းခါး၊ အုန်းနို့ ခေါက်ဆွဲ၊ အသုပ်စုံ၊ ထမင်းနှင့် ဟင်း၊ လက်ဖက်ရည်/ ကော်ဖီ၊ လက်ဖက်အစို နှင့် နှစ်ပြန်ကြော်ဈေးနှုန်းများ မြင့်တက်လာပါသည်။

(ဌ) **အထွေထွေကုန်ပစ္စည်းအုပ်စု၏ ဈေးဆန္ဒန်း**မှာ ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ၁၃၂.၂၄ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၂.၈၇% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စု တွင် ပါဝင်သော ဆံပင်ညှပ်ခ (အမျိုးသား/အမျိုးသမီး)၊ သနပ်ခါး၊ မိတ်ကပ်၊ ကိုယ်တိုက်ဆပ်ပြာ၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ခေါင်းလျှော်ရည်၊ ပေါင်ဒါ၊ မိတ်ကပ်၊ ရွှေ၊ လက်ဝတ်ရတနာ နှင့် ထီးဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ဍ) **အစားအစာမဟုတ်သောအုပ်စု၏ဈေးဆန္ဒန်း**မှာ ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ၁၂၈.၀၇ ရှိ၍ ယခင်လနှင့်နှိုင်းယှဉ်ပါက ၁.၄၂% မြင့်တက်လာသည်ကို တွေ့ရှိရ ပါသည်။

၃။ ၂၀၁၈ခုနှစ် စက်တင်ဘာလအတွင်း အုပ်စုအလိုက် ဈေးနှုန်းပြောင်းလဲမှုရာခိုင်နှုန်းများကို ဇယား(၁)ဖြင့် ဖော်ပြထားပါသည်။

## အပိုင်း(ခ)

## ၂၀၁၇ ခုနှစ် စက်တင်ဘာလ နှင့် ၂၀၁၈ ခုနှစ် စက်တင်ဘာလ စားသုံးသူဈေးဆနှုန်း နှိုင်းယှဉ်ချက်

**စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၁။ ၂၀၁၈ ခုနှစ် စက်တင်ဘာလအတွက် စားသုံးသူ ဈေးဆနှုန်းမှာ ၁၄၅.၉၇ ဖြစ်ရာ ယခင်နှစ် အလားတူလ၏ စားသုံးသူဈေးဆနှုန်း ၁၃၄.၄၃ နှင့် နှိုင်းယှဉ်ပါက ၈.၅၉% မြင့်တက်လာပါသည်။ အုပ်စုအားလုံးတွင် ပါဝင်သောကုန်ပစ္စည်း ဈေးနှုန်းများမှာ ယခင်နှစ် အလားတူကာလ နှင့် နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

**အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း**

၂။ ၂၀၁၈ ခုနှစ် စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူ ဈေးဆနှုန်းများကို အုပ်စုအလိုက် အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်။

(က) **အစားအစာအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ၁၅၈.၆၉ ရှိ၍ ၂၀၁၇ ခုနှစ် စက်တင်ဘာလ အခြေအနေ ၁၄၆.၁၉ နှင့် နှိုင်းယှဉ်ပါက ၈.၅၅% မြင့်တက်နေပါသည်။ ဆန်(ဧည့်မထ)ဈေးနှုန်းမှာ ယခင်နှစ် အလားတူကာလက ထက် ၁၂.၃၀% မြင့်တက်လာပါသည်။ အလားတူ မြေပဲဆီ ၁၂.၃၇%၊ နှမ်းဆီ ၉.၀၅%၊ ကြက်သား ၈.၉၇%၊ ဝက်သား ၈.၃၇%၊ အမဲသား ၇.၁၁%၊ ဘဲဥ ၆.၈၁%၊ ကြက်ဥ ၁၉.၂၉%၊ ငါးခူ ၃.၁၁%၊ ငါးရံ့ ၄.၇၃%၊ ပုစွန်ခြောက် ၁၁.၇၇%၊ ငါးရံ့ခြောက် ၈.၄၂% နှင့် ရေကျိုငါးပိ ၄.၅၄% ဖြင့် ဈေးနှုန်းများအသီးသီး မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ခရမ်းချဉ်သီး ဈေးနှုန်းမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၃၄.၆၀% ဖြင့် သိသိသာသာ ကျဆင်းလျက်ရှိပါသည်။ မီးဖိုချောင် သုံးပစ္စည်းများတွင် ကြက်သွန်ဖြူ ၄၈.၉၇%၊ ကုလားပဲခြမ်း ၂၂.၀၁%၊ ကြက်သွန်နီ ၃၆.၇၂% ဖြင့် သိသာထင်ရှားစွာ ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

(ခ) **ဆေးလိပ်နှင့် အဖျော်ယမကာအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၌ ၁၃၉.၂၂ ရှိ၍ ၂၀၁၇ ခုနှစ် စက်တင်ဘာလနှင့် နှိုင်းယှဉ်ပါက ၇.၁၅% မြင့် တက်နေပါသည်။ ဤအုပ်စုတွင် ပါဝင်သော အရက် နှင့် ဘီယာ (ပြည်တွင်း/

ပြည်ပ)၊ ဆေးပေါ့လိပ်၊ စီးကရက်(ပြည်တွင်း/ပြည်ပ) နှင့် ကွမ်းရွက် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်လာခဲ့သော်လည်း ကွမ်းသီးခြမ်းနှင့် ကွမ်းသီးလုံး ဈေးနှုန်းများမှာ ကျဆင်းလာခဲ့ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ၁၂၁.၇၇ ရှိပြီး၊ ၂၀၁၇ ခုနှစ် စက်တင်ဘာလ နှင့် နှိုင်းယှဉ်ပါက ၃.၅၄% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင် ပါ ဝင်သော အမျိုးသမီး/ အမျိုးသား ဝတ်လုံချည်၊ ဂျာကင်၊ တီရှပ်၊ စပို့ရှပ်၊ သားရေ ဖိနပ်၊ မိုးကာနှင့် စက်ချုပ်ခ (အမျိုးသား/အမျိုးသမီး) ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်ခဲ့ပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ၁၅၀.၃၇ ရှိပြီး၊ ၂၀၁၇ ခုနှစ် စက်တင်ဘာလနှင့် နှိုင်းယှဉ်ပါက ၉.၀၃% မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်ငှားခ၊ အိမ်ဆောက်ပစ္စည်းများ၊ မီးသွေး ဈေးနှုန်း များ၊ အိမ်ပြင်ခ၊ ဂက်(စ်) ဓာတ်ငွေ့ နှင့် ရေဖိုး ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ၁၂၁.၀၂ ရှိပြီး၊ ၂၀၁၇ ခုနှစ် စက်တင်ဘာလနှင့် နှိုင်းယှဉ်ပါက ၄.၄၉% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများနှင့် အိမ်ပြုပြင်ထိန်းသိမ်းစရိတ်တို့မှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။

(စ) **ကျန်းမာရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ၁၄၃.၇၁ ရှိပြီး၊ ၂၀၁၇ ခုနှစ် စက်တင်ဘာလ နှင့် နှိုင်းယှဉ်ပါက ၆.၀၆% မြင့်တက်လျက်ရှိပါသည်။ ရိုးရိုးဆေးကုသခ၊ အထူးဆေးကုသခ၊ အထွေထွေဆေးကုသခ၊ ဆေးရုံ၌ ဆေးကုသခ၊ အားဆေး၊ အကိုက်အခဲပျောက်ဆေး နှင့် တိုင်းရင်းဆေးဈေးနှုန်းများ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု**၏ ဈေးဆန္ဒကိန်းမှာ ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ၁၁၅.၁၉ ရှိပြီး၊ ၂၀၁၇ ခုနှစ် စက်တင်ဘာလ နှင့် နှိုင်းယှဉ်ပါက ၁၅.၆၈% ဆက်လက် မြင့်တက်လာပါသည်။ ယင်းအုပ်စု ဈေးဆန္ဒကိန်းတွင် ပါဝင်သော ဒီဇယ်ဆီ ဈေးနှုန်းမှာ တစ်ဂါလံလျှင် ၃၃၃၈.၆၇ ကျပ်ရှိရာမှ ယခုနှစ်တွင် ၄၈၆၈.၅၂ ကျပ်သို့ မြင့်တက်လာပါသည်။ အလားတူ ဓာတ်ဆီဈေးနှုန်းမှာလည်း တစ်ဂါလံလျှင် ၃၅၁၉.၈၈ ကျပ်ရှိရာ မှ ၄၇၆၄.၁၁ ကျပ်သို့ သိသိသာသာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။ ထို့ပြင် မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ စက်ဘီး၊ ဘတ်(စ်)ကားခ(ခရီးဝေး) (ပြည်တွင်း)၊ အငှားယာဉ်ခ၊ ဆိုက်ကားခနှင့် မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းစရိတ် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု**၏ဈေးဆန္ဒကိန်းမှာ ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ၁၀၂.၁၅ ရှိပြီး၊ ၂၀၁၇ ခုနှစ် စက်တင်ဘာလ နှင့်နှိုင်းယှဉ်ပါက ၀.၆၂% ကျဆင်းလာပါသည်။ ဤအုပ်စုတွင် ပါဝင်သော မိုဘိုင်းလ်ဖုန်းဈေးနှုန်းများမှာ မော်ဒယ် အသစ်များ ဝင်ရောက်မှုများလာပြီး မော်ဒယ်အဟောင်းဈေးနှုန်းများမှာ ယခင်နှစ်ကထက် ကျဆင်းလာပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**၏ ဈေးဆန္ဒကိန်းမှာ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၌ ၁၀၈.၉၃ ရှိပြီး၊ ၂၀၁၇ ခုနှစ် စက်တင်ဘာလ နှင့် နှိုင်းယှဉ်ပါက ၂.၆၀% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော တယ်လီဗေးရှင်း၊ ကွန်ပျူတာ၊ စီဒီတိပ်ခွေ၊ သတင်းစာ၊ ဂျာနယ် နှင့် ဗလာစာအုပ် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည့် အတွက် ဖြစ်ပါသည်။

(ည) **ပညာရေးအုပ်စု**၏ဈေးဆန္ဒကိန်းမှာ ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ၁၃၃.၁၅ ရှိပြီး၊ ၂၀၁၇ ခုနှစ် စက်တင်ဘာလနှင့် နှိုင်းယှဉ်ပါက ၈.၆၉% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကျူရှင်လခနှင့် သင်တန်းကြေးဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်လျက်ရှိပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု**၏ ဈေးဆန္ဒကိန်းမှာ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၌ ၁၂၃.၅၆ ရှိပြီး၊ ၂၀၁၇ ခုနှစ် စက်တင်ဘာလ နှင့် နှိုင်းယှဉ်ပါက ၈.၅၆% ဖြင့် သိသိ

သာသာ မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုအတွင်း ပါဝင်သော အကြော်စုံ၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုပ်၊ ခေါက်ဆွဲကြော်၊ ကြေးအိုး၊ ထမင်းနှင့် ဟင်း၊ လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်နှင့် ကွမ်းယာ ဈေးနှုန်းမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရပါသည်။

(၅) **အထွေထွေကုန်ပစ္စည်းအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ၁၃၂.၂၄ ရှိပြီး၊ ၂၀၁၇ ခုနှစ် စက်တင်ဘာလနှင့် နှိုင်းယှဉ်ပါက ၆.၂၈% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကုန်ပစ္စည်းအများစုမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းများ မြင့်တက်လာခဲ့ရာတွင် ရွှေထည်ပစ္စည်းဈေးနှုန်းမှာ ၇.၃၀%၊ သနပ်ခါး ၁၁.၈၀%၊ မိတ်ကပ် ၁၈.၀၄% နှင့် လွယ်အိတ် ၃၆.၉၀% တို့ဖြင့် သိသာစွာ မြင့်တက်ခဲ့၍ ဖြစ်ပါသည်။

(၃) **အစားအစာမဟုတ်သောအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၁၈ ခုနှစ် စက်တင်ဘာလ၌ ၁၂၈.၀၇ ရှိပြီး၊ ၂၀၁၇ ခုနှစ် စက်တင်ဘာလနှင့်နှိုင်းယှဉ်ပါက ၈.၆၉% မြင့်တက်လာခဲ့ပါသည်။ အစားအစာမဟုတ်သောအုပ်စုတွင် ပါဝင်သော အုပ်စုအားလုံး၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသောကြောင့်ဖြစ်ပါသည်။

## အပိုင်း(ဂ)

## စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြခြင်း

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအခြေအနေတင်ပြခြင်း


၁။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၇ ခုနှစ် အောက်တိုဘာလမှ ၂၀၁၈ ခုနှစ် စက်တင်ဘာလ) အထိ တစ်နှစ်တာကာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းကို လေ့လာပါက ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ၁၃၅.၇၀ ရှိရာမှ တဖြည်းဖြည်းမြင့်တက်လာခဲ့ရာတွင် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ၁၃၉.၅၁ ဖြစ်ပေါ်ခဲ့ပါသည်။ သို့သော် ၂၀၁၈ ခုနှစ် မတ်လတွင် ၁၃၉.၁၁ ဖြစ်ပေါ်ခဲ့သဖြင့် ရာခိုင်နှုန်း အနည်းငယ် ပြန်လည် ကျဆင်းခဲ့ပါသည်။ တစ်ဖန် ၂၀၁၈ ခုနှစ် ဧပြီလမှစ၍ ပြန်လည် မြင့်တက်ခဲ့ရာ ယခုလအထိ ဆက်လက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။ ထိုသို့ဖြစ်ပေါ်ရခြင်းမှာ ဇွန်လမှစ၍ မိုးများစွာ ရွာသွန်းခဲ့ပြီး သဘာဝ ဘေးအန္တရာယ် ဖြစ်ပေါ်နေသောကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲကာ ကုန်စည်ဈေးနှုန်းများ ဆက်လက်မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

၂။ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ဖြစ်ပေါ်ခဲ့သော စားသုံးသူဈေးဆနှုန်းများကိုကြည့်လျှင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့တို့တွင် ယခင်လနှင့် နှိုင်းယှဉ်ပါက မြင့်တက်လာခဲ့ရာတွင် ချင်းပြည်နယ်တွင် ၆.၄၃% ဖြင့် ပြောင်းလဲမှုအမြင့်ဆုံး ဖြစ်ပေါ်နေပါသည်။ ယခုလတွင် ကရင်ပြည်နယ်၏ စားသုံးသူဈေးဆနှုန်းမှာ ယခင်လကထက် ၁.၀၈%ကျဆင်းလာကြောင်းတွေ့ရှိရပါသည်။ ထိုသို့ဖြစ်ပေါ်ရခြင်းမှာ ဇွန်၊ ဇူလိုင်လနှင့် ဩဂုတ်လများအတွင်း မိုးသည်းထန်စွာ ရွာသွန်း၍ ရေကြီးရေလျှံမှုများ ဖြစ်ပွားကာ သဘာဝဘေးအန္တရာယ်ပြင်းပြင်းထန်ထန်ခံစားရကာ ကုန်ပစ္စည်းဈေးနှုန်းများ အဆမတန် မြင့်တက်ခဲ့ပါသည်။ သို့သော် ယခုစက်တင်ဘာလတွင်ရေပြန်ကျလာပြီး၊ သီးနှံစိုက်ခင်းများ ပြန်လည်စိုက်ပျိုးလာနိုင်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး ပြန်လည်ကောင်းမွန်လာခြင်းကြောင့် ကုန်ပစ္စည်းဈေးနှုန်းများ ပုံမှန်အခြေအနေရောက်ရှိလာကာ ဈေးနှုန်းများကျဆင်းလာခဲ့၍ ဖြစ်ပါသည်။

## ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း

၃။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၇ ခုနှစ် အောက်တိုဘာလမှ ၂၀၁၈ ခုနှစ် စက်တင်ဘာလ အထိ) တစ်နှစ်တာကာလအတွင်းဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ နှစ်အလိုက်ငွေကြေးဖောင်းပွမှု နှုန်းကို လေ့လာပါက ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ၄.၀၀% အနိမ့်ဆုံးဖြစ်ပေါ်ပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ၈.၅၉% ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေသည်ကို တွေ့ရှိရပါသည်။ မြို့အများ စုတွင် ရေကြီးမှုဒဏ်ကို ခံစားခဲ့ရပါသည်။ ဆက်လက်၍ ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် အဆက်မပြတ် မိုးရွာသွန်းမှုကြောင့် နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းများ မြင့်မားနေကြောင်း လေ့လာတွေ့ရှိရပါသည်။

၄။ တစ်နိုင်ငံလုံးအတွက် ၂၀၁၂ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအပေါ် အခြေခံ တွက်ချက်ထားသော ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၈ ခုနှစ် စက်တင်ဘာလအထိ တစ်နှစ် ပျမ်းမျှ ၅.၉၄% ရှိ၍ ဩဂုတ်လအထိ တစ်နှစ်ပျမ်းမျှ ၅.၅၀% နှင့် နှိုင်းယှဉ်ပါက ၀.၄၃% ပိုမိုလာကြောင်း တွေ့ရှိရပါသည်။ တစ်နှစ်တာကာလအတွင်း ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်းမှာ ၂၀၁၈ ခုနှစ် မတ်လတွင် ၄.၀၃% ဖြင့် အနိမ့်ဆုံးဖြစ်ပေါ်ခဲ့ပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် အမြင့်ဆုံးဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိခဲ့ပါသည်။



၅။ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ပျမ်းမျှ ငွေကြေးဖောင်းပွမှုနှုန်းကို ဇယား(၂)ဖြင့် တင်ပြထားပါသည်။ ၂၀၁၈ ခုနှစ် စက်တင်ဘာလ အတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ မန္တလေးမြို့တွင် ၁၀.၈၂% ဖြင့် အမြင့်ဆုံးဖြစ်ပေါ်ပြီး၊ ရခိုင်ပြည်နယ်တွင် ၁၀.၂၈% ဖြင့် ဒုတိယအမြင့်ဆုံး၊ မကွေးတိုင်းဒေသကြီးတွင် ၇.၃၉% ဖြင့် တတိယအမြင့်ဆုံးအသီးသီး ဖြစ်ပေါ်လျက်ရှိပါသည်။ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ ရခိုင် ပြည်နယ်တွင် ၁၃.၃၀% ဖြင့် ပြောင်းလဲမှု ရာခိုင်နှုန်းအများဆုံးဖြစ်ပေါ်ခဲ့ပြီး၊ ကယားပြည်နယ် တွင် ၃.၄၆% ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်း အနည်းဆုံးဖြစ်ပေါ်ခဲ့ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

## သုံးသပ်တင်ပြချက်

၆။ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ဖြစ်ပေါ်ခဲ့သော ကုန်ပစ္စည်းဈေးနှုန်း ပြောင်းလဲမှု အခြေ အနေများကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်။

(က) ယခုလတွင် ဖြစ်ပေါ်ခဲ့သော ဆန်ဈေးနှုန်းများမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် သိသိသာသာ မြင့်တက်လျက်ရှိသကဲ့သို့ ယခင်လနှင့် နှိုင်းယှဉ်ပါကလည်း ဆန် ဈေးနှုန်းများ ဆက်လက်မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။ ၂၀၁၈ ခုနှစ် ဇွန်လ မှစ၍ မိုးရွာသွန်းခဲ့ရာ ဇူလိုင်လနှင့် ဩဂုတ်လအထိ မိုးအဆက်မပြတ် ရွာသွန်းမှု များကြောင့် မရွှေ့ပြောင်းနိုင်သော စပါးစိုက်ခင်းများ၊ သီးနှံစိုက်ခင်းများ ပျက်စီးခဲ့ ခြင်း၊ စပါးဈေးနှုန်းများမှာလည်း ယခင်နှစ်ကထက် တင်း ၁၀၀လျှင် ကျပ် တစ်သိန်း ခန့် ဈေးမြင့်နေခြင်း၊ စပါးလက်ကျန်နည်းခြင်းတို့ကြောင့် ဆန်ဈေးနှုန်းများ မြင့်တက် နေရခြင်းဖြစ်ပါသည်။

(ခ) စားသုံးဆီအုပ်စုတွင်ပါဝင်သော မြေပဲဆီ၊ နှမ်းဆီနှင့် ဟင်းရွက်ဆီဈေးနှုန်းများမှာ ကုန်ကြမ်းများဖြစ်သော မြေပဲဆံဈေးနှုန်းများ မြင့်တက်ခဲ့ခြင်း၊ မိုးရွာသွန်းမှုကြောင့် နှမ်းခင်းများ ပျက်စီးခြင်းတို့ကြောင့် ဈေးနှုန်းများ မြင့်တက်လာပါသည်။ အလားတူ စားအုန်းဆီဈေးနှုန်းမှာ ယခင်လကထက် မြင့်တက်လျက်ရှိပါသည်။ ပြည်ပစား အုန်းဆီ ဈေးနှုန်းမှာ ယခင်လတွင် မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၄၃.၈၃ ရှိခဲ့ရာမှ ယခုလတွင် အမေရိကန်ဒေါ်လာ ၅၃၅.၀၇ သို့ ကျဆင်းလာခဲ့

သော်လည်း နိုင်ငံခြားငွေလဲလှယ်နှုန်းမှာ တစ်ဒေါ်လာလျှင် ၇၃ကျပ်ခန့် မြင့်တက်လာသောကြောင့် ပြည်တွင်းစားအုန်းဆီဈေးနှုန်းများ မြင့်တက်လာ ပါသည်။

(ဂ) အသား၊ငါးနှင့်ဥအုပ်စုတွင် ပါဝင်သော အသားဈေးနှုန်းများနှင့် ငါးဈေးနှုန်းများ၊ ကြက်ဥ၊ ဘဲဥဈေးနှုန်းများ သိသိသာသာမြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ ကြက်စာ၊ ဘဲစာ၊ ဝက်စာ ဈေးနှုန်းများ ကြီးမြင့်နေခြင်းကြောင့် လည်းကောင်း၊ ပြည်ပမှ ကျွဲ၊ နွား၊ ဆိတ်၊ ဝက် ဝယ်ယူမှုများရှိနေခြင်းကြောင့်လည်းကောင်း၊ ကြက်ဥ၊ ဘဲဥ အထွက်နှုန်းနည်းခြင်း၊ မိုးများသဖြင့် ငါးဖမ်းဆီး ရရှိမှု နည်းပါးခြင်းကြောင့် အသား၊ငါးနှင့် ဥဈေးနှုန်းများ မြင့်တက်လာပါသည်။ ငါးခြောက်ပြုလုပ်ရန် ငါးကုန်ကြမ်းရှားပါးခြင်းကြောင့် ငါးခြောက်ဈေးနှုန်းများ မြင့်တက်လာကြောင်းတွေ့ရှိရပါသည်။ ယခုလအတွင်း ယခင်နှစ်များထက် မိုးရွာသွန်းမှုပိုမိုခဲ့ပြီး သဘာဝဘေးအန္တရာယ်ပြင်းထန်စွာ ခံစားခဲ့ရသောကြောင့် ကုန်စည်စီးဆင်းမှုနှေးကွေးကာ ကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လျက် ရှိပါသည်။

(ဃ) ဟင်းသီးဟင်းရွက်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဒေသအတွင်း ခရမ်းချဉ်သီး ထွက်ပေါ်ချိန်ဖြစ်၍ ဈေးနှုန်းများ သိသိသာသာ ပြန်လည်ကျဆင်း လာပါသည်။ ယခုလအတွင်း မိုးများသောကြောင့် အသီးအနှံစိုက်ခင်းများ၊ ကန်စွန်းခင်းများ ပျက်စီးခြင်း၊ စက်သုံးဆီဈေးနှုန်းများ မြင့်တက်ခြင်းတို့ကြောင့် အခြေခံစားသောက်ကုန်ဈေးနှုန်းများ မြင့်တက်လျက်ရှိသည်ကို တွေ့ရပါသည်။

(င) ယခုလတွင် ဖြစ်ပေါ်ခဲ့သော ရွှေဈေးနှုန်းမှာ ၁၅ပဲရည် တစ်ကျပ်သားလျှင် ၉၅၂၂၄၆ ကျပ် ဖြစ်သဖြင့် လွန်ခဲ့သောလကထက် ၆.၀၄% ဆက်လက်မြင့်တက်ခဲ့ပါသည်။ လွန်ခဲ့သောနှစ်နှင့် နှိုင်းယှဉ်ပါကလည်း ၇.၃၀% မြင့်တက်လျက်ရှိပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်ထရိုင်အောင်စလျှင် ယခင်လတွင် အမေရိကန်ဒေါ်လာ ၁၂၀၂.၆၀ ရှိရာ မှ ၁၁၉၉.၁၄ သို့ ဆက်လက်ကျဆင်းလာခဲ့ပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်း ကျဆင်းလာခဲ့သော်လည်း၊ အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ် ငွေလဲလှယ်နှုန်းမှာ ယခင်လတွင် တစ်ဒေါ်လာလျှင်(ပျမ်းမျှ) ၁၄၉၃ ကျပ်ရှိရာမှ ယခုလတွင် ၁၅၆၆ ကျပ်သို့ မြင့်တက်နေခြင်းနှင့် မိုးတွင်းကာလ ဖြစ်သဖြင့် ရွှေလုပ်ကွက်

များရပ်နားထားခြင်း စသည့်အကြောင်းရင်းများကြောင့် မြန်မာ့ရွှေဈေးနှုန်းများ အနည်းငယ်မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

(စ) ၂၀၁၈ ခုနှစ် စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော လောင်စာဆီဈေးနှုန်းများမှာ ပြည်ပမှ တင်သွင်းရာ၌ ဒီဇယ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၇.၃၇ မှ ၉၂.၆၈ သို့ လည်းကောင်း၊ ဓာတ်ဆီတစ်စည်လျှင် အမေရိကန် ဒေါ်လာ ၈၂.၃၅ မှ ၈၇.၃၄ သို့လည်းကောင်း ပြန်လည်မြင့်တက်လာပါသည်။ ပြည်ပမှ တင်သွင်းသော လောင်စာဆီဈေးနှုန်းများ မြင့်တက်လာသကဲ့သို့ နိုင်ငံခြားငွေလဲလှယ်နှုန်း အပေါ် မူတည်၍ ရောင်းချနေသော ပြည်တွင်းလောင်စာဆီ ဈေးနှုန်းများလည်း တရိပ်ရိပ် မြင့်တက် လျက်ရှိကြောင်း တွေ့ရှိရပါသည်။

၇။ ၂၀၁၈ခုနှစ် စက်တင်ဘာလအတွင်း မိုးရွာသွန်းမှုများခဲ့ခြင်း၊ စိုက်ပျိုးမြေပျက်စီးခြင်း၊ စိုက်ပျိုးသီးနှံအထွက်နှုန်း လျော့ကျခြင်း၊ ရေကြီးရေလျှံမှုကြောင့် တံတားများ၊ လမ်းများပျက်စီးခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်းများကြောင့် ကုန်စည်စီးဆင်းမှု အခက်အခဲဖြစ်ကာ ကုန်ကြမ်းဈေးနှုန်းများ မြင့်တက်လာခြင်း၊ ပို့ဆောင်ဆက်သွယ်ရေး ခက်ခဲသည့်အတွက် သယ်ယူပို့ဆောင်စရိတ်မြင့်တက်ခြင်း၊ ပြည်တွင်းလောင်စာဆီဈေးနှုန်းများ မြင့်တက်လာသောကြောင့် သယ်ယူပို့ ဆောင်စရိတ် မြင့်တက်ခြင်းစသည့် အကြောင်းရင်းများကြောင့် ကုန်စည်ဈေးနှုန်းများ သိသိသာသာ မြင့်တက်လျက်ရှိကြောင်းတွေ့ရှိရပါသည်။

၈။ ထို့အပြင် အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းမှာလည်း ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်လျှင် မြင့်တက်လာသကဲ့သို့ ယခင်လနှင့် နှိုင်းယှဉ်ပါကလည်း သိသိသာသာ မြင့်တက်လာသည်ကိုတွေ့ရှိရပါသည်။ ဒေါ်လာဈေးနှုန်းမြင့်တက်လာခြင်းသည် သွင်းကုန်အပေါ် အကျိုးသက်ရောက်မှုများပြီး၊ စားသုံးကုန်စည်ဈေးနှုန်းများ မြင့်တက်လာမှုကြောင့် စားသုံးသူ အပေါ်ထိခိုက်မှုဖြစ်စေပါကြောင်းတင်ပြအပ်ပါသည်။

## ဇယား(၁)တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| COICOP Code | အုပ်စုအမည် | အလေးပေးရာခိုင်နှုန်း | ၂၀၁၇ ခုနှစ် | ၂၀၁၈ ခုနှစ် | | ယခင်လနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့်ရာခိုင်နှုန်း | နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၈ခုနှစ် စက်တင်ဘာလအထိ) |
|---|---|---|---|---|---|---|---|---|
| | | | စက်တင်ဘာလ | ဩဂုတ်လ | စက်တင်ဘာလ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| **(က)** | **စုစုပေါင်းစားသုံးသူဈေးဆနှုန်း** | **၁၀၀.၀၀** | **၁၃၄.၄၃** | **၁၄၄.၁၇** | **၁၄၅.၉၇** | **၁.၂၅** | **၈.၅၉** | **၅.၉၄** |
| **၀၁** | **အစားအစာအုပ်စု** | **၅၈.၅၁** | **၁၄၆.၁၉** | **၁၅၆.၈၈** | **၁၅၈.၆၉** | **၁.၁၅** | **၈.၅၅** | **၅.၄၈** |
| ၀၂ | ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၁၂၉.၉၃ | ၁၄၃.၈၅ | ၁၃၉.၂၂ | -၃.၂၂ | ၇.၁၅ | ၁၃.၆၂ |
| ၀၃ | အဝတ်အထည် | ၃.၂၃ | ၁၁၇.၅၄ | ၁၂၀.၀၄ | ၁၂၀.၇၁ | ၀.၅၅ | ၃.၅၄ | ၂.၀၉ |
| ၀၄ | အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၇ | ၁၃၇.၉၂ | ၁၄၇.၉၆ | ၁၅၀.၃၇ | ၁.၆၃ | ၉.၀၃ | ၆.၈၆ |
| ၀၅ | အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၁၁၅.၈၂ | ၁၂၀.၀၈ | ၁၂၀.၀၂ | ၀.၇၉ | ၄.၄၉ | ၃.၂၅ |
| ၀၆ | ကျန်းမာရေး | ၂.၁၃ | ၁၃၅.၅၁ | ၁၄၁.၉၈ | ၁၄၃.၇၁ | ၁.၂၂ | ၆.၀၆ | ၅.၀၄ |
| ၀၇ | သယ်ယူပို့ဆောင်ရေး | ၁၀.၁၃ | ၉၉.၅၇ | ၁၁၁.၄၀ | ၁၁၅.၁၉ | ၃.၄၁ | ၁၅.၆၈ | ၁၀.၁၅ |
| ၀၈ | ဆက်သွယ်ရေး | ၁.၆၂ | ၁၀၂.၇၈ | ၁၀၂.၁၀ | ၁၀၂.၁၅ | ၀.၀၅ | -၀.၆၂ | ၆.၉၂ |
| ၀၉ | အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | ၁.၀၂ | ၁၀၆.၁၇ | ၁၀၈.၃၀ | ၁၀၈.၉၃ | ၀.၅၈ | ၂.၆၀ | ၁.၃၇ |
| ၁၀ | ပညာရေး | ၂.၁၅ | ၁၂၂.၅၀ | ၁၃၃.၁၀ | ၁၃၃.၁၅ | ၀.၀၄ | ၈.၆၉ | ၃.၂၅ |
| ၁၁ | ပြင်ပအစားအသောက် | ၅.၉၅ | ၁၁၃.၈၁ | ၁၂၃.၀၂ | ၁၂၃.၅၆ | ၀.၄၄ | ၈.၅၆ | ၈.၁၉ |
| ၁၂ | အထွေထွေကုန်ပစ္စည်း | ၃.၂၀ | ၁၂၄.၄၃ | ၁၂၈.၄၃ | ၁၃၂.၂၄ | ၂.၉၇ | ၆.၂၈ | ၃.၉၇ |
| | **အစားအစာမဟုတ်သောအုပ်စု** | **၄၁.၄၉** | **၁၁၇.၈၃** | **၁၂၆.၂၇** | **၁၂၈.၀၇** | **၁.၄၂** | **၈.၆၉** | **၆.၇၇** |
| **(ခ)** | **အစားအစာနှင့် လောင်စာဆီ မပါဝင်သော စားသုံးသူ ဈေးဆနှုန်း(Core CPI)** | **၃၄.၂၉** | **၁၁၅.၈၂** | **၁၂၀.၄၁** | **၁၂၂.၄၈** | **၀.၈၈** | ***၅.၇၆** | ***၄.၃၄** |

*** အစားအစာနှင့် လောင်စာဆီ မပါဝင်သော ငွေကြေးဖောင်းပွမှုနှုန်း(Core Inflation)**

## ဇယား(၂)တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အလေးပေးရာခိုင်နှုန်း | ၂၀၁၇ ခုနှစ် | ၂၀၁၈ ခုနှစ် | | ယခင်လနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့်ရာခိုင်နှုန်း | နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (၂၀၁၈ ခုနှစ် စက်တင်ဘာလအထိ) |
|---|---|---|---|---|---|---|---|---|
| | | | စက်တင်ဘာလ | ဩဂုတ်လ | စက်တင်ဘာလ | | | |
| (၁) | (၂) | | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| ၁ | ကချင်ပြည်နယ် | ၃.၀၁ | ၁၃၇.၂၅ | ၁၄၉.၂၅ | ၁၅၀.၉၃ | ၁.၁၃ | ၉.၉၇ | ၆.၅၇ |
| ၂ | ကယားပြည်နယ် | ၀.၅၂ | ၁၄၁.၉၇ | ၁၄၆.၇၈ | ၁၄၆.၈၉ | ၀.၀၇ | ၃.၄၆ | ၄.၃၈ |
| ၃ | ကရင်ပြည်နယ် | ၃.၁၂ | ၁၂၄.၃၆ | ၁၃၇.၉၅ | ၁၃၆.၄၆ | -၁.၀၈ | ၉.၇၃ | ၅.၈၈ |
| ၄ | ချင်းပြည်နယ် | ၀.၇၄ | ၁၇၈.၅၉ | ၁၈၈.၀၁ | ၂၀၀.၁၁ | ၆.၄၃ | ၁၂.၀၅ | ၄.၀၆ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁.၁၀ | ၁၃၂.၆၀ | ၁၃၈.၀၀ | ၁၄၀.၈၂ | ၂.၀၅ | ၆.၂၀ | ၄.၂၅ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂.၈၄ | ၁၁၉.၄၆ | ၁၂၉.၂၅ | ၁၃၂.၀၈ | ၂.၁၉ | ၁၀.၅၆ | ၆.၁၀ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈.၈၃ | ၁၃၂.၉၇ | ၁၄၁.၀၃ | ၁၄၂.၀၆ | ၀.၇၃ | ၆.၈၄ | ၄.၇၉ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇.၃၃ | ၁၃၄.၇၃ | ၁၄၈.၆၆ | ၁၅၀.၆၃ | ၁.၃၂ | ၁၁.၈၀ | ၇.၄၉ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁.၀၈ | ၁၂၈.၈၀ | ၁၃၇.၂၇ | ၁၃၈.၃၁ | ၀.၇၆ | ၇.၃၈ | ၄.၇၃ |
| ၁၀ | မွန်ပြည်နယ် | ၅.၁၃ | ၁၂၇.၈၈ | ၁၄၂.၁၅ | ၁၄၄.၀၁ | ၁.၃၁ | ၁၂.၆၂ | ၇.၃၉ |
| ၁၁ | ရခိုင်ပြည်နယ် | ၄.၅၄ | ၁၆၅.၁၉ | ၁၈၂.၆၄ | ၁၈၇.၁၇ | ၂.၄၈ | ၁၃.၃၀ | ၁၀.၂၈ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇.၄၇ | ၁၂၈.၂၅ | ၁၃၆.၈၉ | ၁၃၇.၇၁ | ၀.၆၀ | ၇.၃၇ | ၄.၇၂ |
| ၁၃ | ရှမ်းပြည်နယ် | ၉.၁၁ | ၁၄၃.၄၀ | ၁၅၃.၅၃ | ၁၅၅.၇၄ | ၁.၄၄ | ၈.၆၁ | ၆.၇၀ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉.၉၀ | ၁၃၅.၉၈ | ၁၄၄.၄၉ | ၁၄၄.၅၅ | ၀.၀၄ | ၆.၃၀ | ၆.၉၁ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၁.၄၁ | ၁၂၅.၄၃ | ၁၃၁.၂၅ | ၁၃၂.၆၉ | ၁.၁၀ | ၅.၇၉ | ၂.၇၇ |
| ၁၆ | ရန်ကုန်မြို့ | ၁၀.၅၉ | ၁၃၅.၂၈ | ၁၄၃.၉၀ | ၁၄၇.၁၀ | ၂.၂၃ | ၈.၇၄ | ၄.၈၇ |
| ၁၇ | မန္တလေးမြို့ | ၂.၅၈ | ၁၂၄.၉၉ | ၁၃၉.၁၇ | ၁၄၀.၃၄ | ၀.၈၄ | ၁၂.၂၈ | ၁၀.၈၂ |
| ၁၈ | နေပြည်တော် | ၀.၆၉ | ၁၂၃.၈၁ | ၁၃၂.၇၆ | ၁၃၄.၂၄ | ၁.၁၁ | ၈.၄၂ | ၆.၂၅ |
| | **တစ်နိုင်ငံလုံး** | **၁၀၀.၀၀** | **၁၃၄.၄၃** | **၁၄၄.၁၇** | **၁၄၅.၉၇** | **၁.၂၅** | **၈.၅၉** | **၅.၉၄** |

## ဇယား(၃)အဓိကကျသောကုန်ပစ္စည်းများ၏ လက်လီဈေးနှုန်းပြောင်းလဲမှုများ
## (၂၀၁၈ ခုနှစ် စက်တင်ဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | ကုန်ပစ္စည်း | အမျိုးအစား | အချိန်အတွယ် | ၂၀၁၈ ခုနှစ် | | ၂၀၁၇ ခုနှစ် | ယခင်လနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့် % | ယခင်နှစ်အလားတူလနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည် % |
|---|---|---|---|---|---|---|---|---|
| | | | | ဩဂုတ်လ (ကျပ်) | စက်တင်ဘာလ (ကျပ်) | စက်တင်ဘာလ (ကျပ်) | | |
| ၁ | ဆန် | ဧည့်မထ (၃၅%) | ပြည် | ၁၄၆၈.၃၀ | ၁၄၉၂.၃၉ | ၁၃၂၈.၉၂ | ၁.၆၄ | ၁၂.၃၀ |
| ၂ | မြေပဲဆီ | ပြည်တွင်း | ပိဿာ | ၅၈၀၈.၇၀ | ၅၉၃၄.၇၈ | ၅၂၈၁.၆၇ | ၂.၁၇ | ၁၂.၃၇ |
| ၃ | နှမ်းဆီ | ပြည်တွင်း | ။ | ၅၉၅၃.၀၉ | ၆၁၂၂.၈၄ | ၅၆၁၄.၉၁ | ၂.၈၅ | ၉.၀၅ |
| ၄ | စားအုန်းဆီ | နိုင်ငံခြား | ။ | ၂၁၁၉.၄၁ | ၂၁၄၈.၅၂ | ၂၁၄၁.၆၀ | ၁.၃၇ | ၀.၃၂ |
| ၅ | ကြက်သား | အကောင်လိုက် | ပိဿာ | ၇၀၁၆.၇၃ | ၆၉၆၅.၄၀ | ၆၃၉၂.၂၅ | -၀.၇၃ | ၈.၉၇ |
| ၆ | ဝက်သား | ပေါင်သား | ။ | ၉၃၇၀.၆၁ | ၉၃၉၅.၉၅ | ၈၆၆၉.၈၆ | ၀.၂၇ | ၈.၃၇ |
| ၇ | အမဲသား | အရိုးလွတ် | ။ | ၁၁၁၀၀.၀၀ | ၁၁၃၃၂.၅၆ | ၁၀၅၇၉.၈၁ | ၂.၁၀ | ၇.၁၁ |
| ၈ | ဘဲဥ | အလတ်စား | ၁၀လုံး | ၁၆၉၀.၇၃ | ၁၇၄၅.၄၇ | ၁၆၃၄.၁၃ | ၃.၂၄ | ၆.၈၁ |
| ၉ | ကြက်ဥ | ။ | ။ | ၁၃၅၃.၁၆ | ၁၃၇၃.၉၆ | ၁၁၅၁.၈၁ | ၁.၅၄ | ၁၉.၂၉ |
| ၁၀ | ငါးခူ | အလတ်စားအရွယ် | ပိဿာ | ၈၆၂၃.၈၉ | ၈၂၃၃.၃၃ | ၇၉၈၄.၆၄ | -၄.၅၃ | ၃.၁၁ |
| ၁၁ | ငါးရံ့ | ။ | ။ | ၈၅၅၉.၀၇ | ၈၃၄၉.၂၂ | ၇၉၇၂.၂၂ | -၂.၄၅ | ၄.၇၃ |
| ၁၂ | ငါးမြစ်ချင်း | ။ | ။ | ၄၄၃၂.၁၄ | ၄၄၅၈.၄၈ | ၄၅၃၀.၇၂ | ၀.၅၉ | -၁.၆၂ |
| ၁၃ | ပုစွန်ခြောက် | ။ | ။ | ၃၀၇၄၄.၆၈ | ၃၁၀၃၄.၀၄ | ၂၇၇၆၆.၀၉ | ၀.၉၄ | ၁၁.၇၇ |
| ၁၄ | ငါးရံ့ခြောက် | ။ | ။ | ၂၉၂၈၄.၂၄ | ၂၉၄၂၅.၀၀ | ၂၇၁၄၀.၅၉ | ၀.၄၈ | ၈.၄၂ |
| ၁၅ | ရေကျိုငါးပိ | သုံးဦးစပ် | ပိဿာ | ၃၃၀၈.၈၅ | ၃၃၀၈.၈၅ | ၃၁၆၅.၁၈ | ၀.၀၀ | ၄.၅၄ |
| ၁၆ | ခရမ်းချဉ်သီး | | ။ | ၁၂၄၂.၄၄ | ၉၂၀.၃၈ | ၁၄၀၇.၂၀ | -၂၅.၉၂ | -၃၄.၆၀ |
| ၁၇ | ကုလားပဲခြမ်း | | ။ | ၂၄၆၄.၅၀ | ၂၄၉၄.၂၄ | ၃၁၉၈.၃၀ | ၁.၂၁ | -၂၂.၀၁ |
| ၁၈ | အာလူး | အလတ်စားအရွယ် | ။ | ၁၀၉၆.၁၈ | ၁၁၁၇.၆၇ | ၁၀၇၀.၁၂ | ၁.၉၆ | ၄.၄၄ |
| ၁၉ | ကြက်သွန်ဖြူ | ဥတစ်လုံး | ။ | ၂၃၄၅.၈၆ | ၂၃၃၀.၈၃ | ၄၅၆၇.၃၀ | -၀.၆၄ | -၄၈.၉၇ |
| ၂၀ | ကြက်သွန်နီ | ဥကြီး | ။ | ၉၇၇.၂၀ | ၁၄၂၂.၄၀ | ၂၂၄၇.၇၈ | ၄၅.၅၆ | -၃၆.၇၂ |
| ၂၁ | လုံချည် | ၂/၆၄-ကျားဝတ် | ထည် | ၄၈၁၇.၃၈ | ၄၈၇၃.၇၆ | ၄၆၆၀.၃၆ | ၁.၁၇ | ၄.၅၈ |
| ၂၂ | သားရေဖိနပ် | အလတ်စား | ရံ | ၅၁၅၇.၆၂ | ၅၁၆၄.၉၀ | ၅၀၅၂.၁၆ | ၀.၁၄ | ၂.၂၃ |
| ၂၃ | ရွှေထည်ပစ္စည်း | ၁၅ပဲရည် | ကျပ်သား | ၈၉၇၉၇၄.၇၈ | ၉၅၂၂၄၅.၅၈ | ၈၈၇၄၇၂.၀၅ | ၆.၀၄ | ၇.၃၀ |
| ၂၄ | ထင်း | | ပိဿာ | ၃၂၀.၈၅ | ၃၂၃.၈၇ | ၂၉၄.၃၉ | ၀.၉၄ | ၁၀.၀၁ |
| ၂၅ | မီးသွေး | | ။ | ၆၃၇.၉၀ | ၆၄၉.၇၈ | ၅၉၃.၉၆ | ၁.၈၆ | ၉.၄၀ |
| ၂၆ | ဖယောင်းတိုင် | ၃၂-တိုင် | ထုပ် | ၄၁၅.၇၉ | ၄၁၇.၇၆ | ၄၀၃.၇၄ | ၀.၄၇ | ၃.၄၇ |
| ၂၇ | ဘတ်စ်ကားခ | မြို့တွင်း | - | ၁၀၄၉.၁၂ | ၁၀၅၂.၆၃ | ၉၁၀.၈၂ | ၀.၃၃ | ၁၅.၅၇ |
| ၂၈ | ဒီဇယ်ဆီ | | ဂါလံ | ၄၄၇၀.၈၆ | ၄၈၆၈.၅၂ | ၃၃၃၈.၆၇ | ၈.၈၉ | ၄၅.၈၂ |
| ၂၉ | ဓာတ်ဆီ | | ဂါလံ | ၄၄၁၅.၉၀ | ၄၇၆၄.၁၁ | ၃၅၁၉.၈၈ | ၇.၈၉ | ၃၅.၃၅ |

# ဇယား(၄)တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၇ ခုနှစ် | | | | ၂၀၁၈ ခုနှစ် | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ |
| စားသုံးသူဈေးဆနှုန်း (CPI) | ၁၃၄.၄၃ | ၁၃၅.၇၀ | ၁၃၇.၅၀ | ၁၃၈.၂၉ | ၁၃၉.၃၄ | ၁၃၉.၅၁ | ၁၃၉.၁၁ | ၁၃၉.၈၂ | ၁၄၀.၂၄ | ၁၄၁.၁၃ | ၁၄၂.၉၁ | ၁၄၄.၁၇ | ၁၄၅.၉၇ |
| စားသုံးသူဈေးဆနှုန်း (Core CPI) | ၁၁၅.၈၂ | ၁၁၅.၇၇ | ၁၁၆.၄၃ | ၁၁၆.၇၇ | ၁၁၇.၆၈ | ၁၁၈.၃၆ | ၁၁၈.၈၃ | ၁၁၉.၀၈ | ၁၁၉.၄၅ | ၁၂၀.၁၈ | ၁၂၀.၅၂ | ၁၂၁.၄၁ | ၁၂၂.၄၈ |

## ဇယား (၅) တစ်နိုင်ငံလုံး၏ ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၇ ခုနှစ် | | | | ၂၀၁၈ ခုနှစ် | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation) | ၃.၄၀ | ၄.၀၀ | ၄.၄၇ | ၄.၄၅ | ၅.၂၃ | ၅.၁၁ | ၅.၄၂ | ၅.၈၇ | ၅.၉၀ | ၆.၄၅ | ၇.၅၆ | ၈.၁၈ | ၈.၅၉ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) | ၃.၉၆ | ၄.၀၁ | ၄.၁၆ | ၃.၄၁ | ၄.၂၃ | ၄.၈၅ | ၄.၆၉ | ၄.၇၈ | ၅.၀၅ | ၅.၆၄ | ၅.၁၄ | ၅.၁၇ | ၅.၇၆ |